# UNIVERSAL DECLARATION OF HUMAN RIGHTS

# ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

## လိက်လလောင်အခေါင်အရာမွှိဟ်အလုံလိုက်မွဲ

RAOUL WALLENBERG INSTITUTE

MNHRC
MYANMAR NATIONAL HUMAN RIGHTS COMMISSION

SWEDEN

# UNIVERSAL DECLARATION OF HUMAN RIGHTS

# ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

## လိုက်လလောင်အခေါင်အရာမွိုဟ်အလုံလိုက်မွဲ

နိုင်ကဆုမွန်ဘာသာပြန်ဆို၍
မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က
အတည်ပြုသည်။

**စကားချီး**

၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်၍ ထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာစာတမ်း၏ စာသားအပြည့်အစုံကို နောက်စာမျက်နှာများတွင် ဖော်ပြထားပါသည်။

ဤကဲ့သို့ သမိုင်းဝင် လုပ်ဆောင်ချက်ကို ဆောင်ရွက်ပြီးနောက် ကုလသမဂ္ဂအထွေထွေညီလာခံက ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးအား ဤကြေညာစာတမ်း၏ စာသားကို အများပြည်သူတို့ သိရှိစေရေးအတွက် ဆောင်ရွက်ရန်နှင့် နိုင်ငံများ (သို့မဟုတ်) နယ်မြေများ၏ နိုင်ငံရေးအဆင့်အတန်းကို ခွဲခြားမှု မပြုဘဲ၊ အဓိကအားဖြင့် ကျောင်းများနှင့် အခြား ပညာရေး အဖွဲ့အစည်းများတွင် ကြေညာစာတမ်းကို ဖြန့်ချိဝေငှစေရန်၊ မြင်သာအောင် ပြသထားစေရန်၊ ဖတ်ကြားစေရန်နှင့် အဓိပ္ပာယ် ရှင်းလင်းဖော်ပြစေရန် ပန်ကြားခဲ့သည်။

သို့ဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုလျက် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်

ဂလာန်ကြို

ပွဲကိုစွတ်တ္ၚဲ ၁၉၄၈ သ္နာံ၊ ဂိတုဒီဇြေန်ပါ (၁၀) ဂှ် နူကိုသဘင်သီကို ကုလသမဂ္ဂ လလောင်တြး နဒဒှ်သွလဝ်ဒတန် လိက်လလောင်တြး အခေါင်အရာမွိဟ် သွက်အလုံလိုက်ရ။ လိက်ဗွဲတရး လိက်လလောင်တြး ဍိုက်က်ပေင်င်ဂှ် ခမံက်ထွးလဝ် ပွဲမုက်လိက်လက္ကာရ်ဝေါံရ။ ဟိုတ်ကျာန်သွလဝ် နဒဒှ် လုပ်ဝင်မွဲတုဲ အဓိပ္ပါယ် လိက်လလောင်တြးဂှ် ကောန်ညးချင်ကွာန်ဂမှိုင် ညံင်သ္ဂောံတီကျးကို၊ ချင်ဂမှိုင် (ဟွံသေင်မွး) တ္ဂိုရးဒေသဂမှိုင်တအ် ညိဓဝ်ဟွံပါ ကဆံင်ပရေင်ချင်ကွာန်မွဲသာ် ပွဲဘာဂမှိုင်ကော်ံ ဂကော်ံ ပရေင်ပညာတ္ၚဟ်ဟ်တအ် စွံအဓိကတုဲ ညံင်သ္ဂောံတရးဏာ လိက်လလောင်တြးမာန် ညံင်သ္ဂောံပံက်ထွး သောင်ကလး အဓိပ္ပါယ်မာန် သာ်ဝွံ နူကိုသဘင်သီကို ကုလသမဂ္ဂဂှ် ဟိုဗကန်ဏာကို ချင်လုပ်ဂကော်ံ ကုလသမဂ္ဂတအ် သိုဖအိုတ်ရ။

ဟိုတ်သာ်ဂှ်ရ ကဝ်မယှေန်အခေါင်အရာမွိဟ် ကိုန်ချင်ဗှာဝွံ ငဒိက် လလောင်တြး အခေါင်အရာမွိဟ်ဂှ်တိဂှ် နူကိုဘာသာအင်္ဂလိက် ကွဲသွဘာသာမန်တုဲ တက်တြးပွိတ်ဏာရ။

**ကဝ်မယှေန်အခေါင်အရာမွိဟ်ကိုန်ချင်ဗှာ**

ဂိတုဇပြေဝ်၊ သ္နာံ ၂၀၁၃၊

# ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

## နိဒါန်း

လူသားအားလုံး၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိပြီး ဖယ်ရှားထုတ်ပယ်၍ မရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဤကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သောကြောင့် လည်းကောင်း၊

လူ့အခွင့်အရေးကို မလေးမထား မထီမဲ့မြင်ပြုခြင်းသည် လူသားတို့၏ အကောင်းအဆိုး အကြောင်းအကျိုး ဆင်ခြင် နိုင်စွမ်းကိုဖျက်ဆီးသည့် ရိုင်းစိုင်းရက်စက်သော အပြုအမူများ ဖြစ်ပေါ်စေခဲ့သောကြောင့် လည်းကောင်း၊ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်ခွင့်၊ ကြောက်ရွံ့ခြင်းနှင့် ချို့တဲ့ခြင်းမှ လွတ်ကင်းခွင့်တို့ကို ရရှိခံစားရမည့် လူ့ဘောင် လောကတစ်ရပ် ပေါ်ပေါက်လာရေးကို သာမန်လူသားအားလုံး၏ အမြင့်မားဆုံးသော မျှော်မှန်းချက်အဖြစ် ကြေညာပြီးဖြစ်သောကြောင့် လည်းကောင်း၊

အာဏာသုံး၍ တရားလက်လွတ် အုပ်ချုပ်မှုနှင့် ဖိနှိပ်ချုပ်ချယ်မှုတို့ကို လူကနောက်ဆုံးနည်းလမ်းအနေဖြင့် ဆန့်ကျင်ပုန်ကန်သည့် အခြေအနေသို့ မရောက်ရှိစေရေးအတွက် လူ့အခွင့်အရေးကို ဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ပေးရန် မဖြစ်မနေ လိုအပ်သောကြောင့် လည်းကောင်း၊

နိုင်ငံချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှု ဖွံ့ဖြိုးရေးကို မြှင့်တင်ရန် မဖြစ်မနေ လိုအပ်သောကြောင့် လည်းကောင်း၊



# လိက်လလောင်အခေါင်အရာမွိဟ်အလုံလိုက်မွဲ

## နိဒါန်

ပိုမွိဟ်တံညးဂမျိုင် သိုဖအိုတ် ဂုဏ်သိက္ခာမွိဟ် မပါကျုင် နူဂဝ်မိက် တုပ်သ္ပဟ်ညးဍုအ်တဲ အခေါင်အရာဂမျိုင်ဂွံ တးပါထောံ ဟွံဂွံ သွးသ္ပစုတ်သမ္တီ ညးဍုအ် ရန်တ္ၚအ်ကိ အခေါင်ဗ္ၚးစး အခေါင်နွံကိ ဗပွဲမရ် အခေါင်စိုဟ်လလမ်တံဂှ် ဒှ်တမ်သဇိုင်မူလ ဂကောံမွိဟ်ပိုတအ်ရောင်။

လတူဟွံသ္ပကာကိ အခေါင်အရာမွိဟ်ဂှ် မဒှ်ပူဂို စင်ခြင် ခိုဟ်ပရုံ ဟွံလေပ် ဒှ်မွိဟ်နွံလက်သန် ဂျန်မိုကြမ်ကြ ပလိုပလာ်ဗ္ဒိုင်မွိဟ်ကိ တအ်ဂှ် ဒစိုဒစးတဲ တ္ၚဟ်န ဂွံကလိဂွံ အခေါင်ဟိုဂး ဗ္ၚးဗ္ၚးစးစးကိ၊ သွက်ဂွံအခေါင် နွံမရ်ပတော် နွံရှ်ေသ္ၚ်သ္ၚးပွးကိ၊ သွက်ဂွံဗ္ၚးစးတိတ် နူအရာမဖေက်ဂွံက် ကောံ ကၞာဝ်ဗ္ဂိုကဟာင်တအ်ဂမျိုင်အိုသိကိ အတိုင်မွိဟ်ပိုတအ် ရန်တ္ၚအ်လဝ် သ္ဂုင်အိုတ် ဂကောံမွိဟ် ခိုဟ် တ္ၚိုဟ်စိုဟ်သြိုဟ်မွဲ ဂွံမံက်ဂတဝ်ဂှ် ဂိုင်စွံလဝ် တင်ရန်တ္ၚ သ္ဂုင်အိုတ် ပေင်ရ။

စကာအဝိုတဲ အုပ်ဓုပ်ဒှ်င် ဟွံမွဲကိသ္ဇာတ်ဝ် ကောံ ဍိုဍိုက်မံင်တအ်ဂှ် မဟာဇန်ဂမျိုင် လက္ကရ်အိုတ် ဂှ်င်ညာန်ဟွံမွဲတဲ ဒးတဝ်ဇွေဟ်ပ္ၚန်ဂတး ညံင်ဟွံဒှ်အာဂှ် ဒးရှ်ေသ္ၚ် အခေါင်အရာမွိဟ်တဲ သွးစိုဒှ်ာလဝ်နကိ သ္ဇာဝ်ဥပဒေမွဲထေက်ရောင်။

မွဲဍုင်ကိုမွဲဍုင် ညံင်သ္ဂံသ္ဂုင်ပတိုန် ပရေင်ဖောအ်ပြေဝ် ကၞာ်ကၞ ချက်ကောဝ် ဆာန်ကၞိန် ညးသကာအ်ဂှ် ဒှ်တင်နွံပိုက်မွဲဍာံဍာံရ။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူအပေါင်းတို့သည် အခြေခံလူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနှင့်တန်ဖိုး၊ အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရှိမှုတို့ကို ၎င်းတို့ သက်ဝင်ယုံကြည်ကြောင်း ကုလသမဂ္ဂပဋိညာဉ်၌ ထပ်မံအတည်ပြုခဲ့ပြီး၊ ပိုမိုကျယ်ပြန့်သည့် လွတ်လပ်မှုအတွင်း လူမှုရေးတိုးတက်ရေးနှင့် လူ့ဘဝအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးတို့ကို မြှင့်တင်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်သောကြောင့် လည်းကောင်း၊

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာတစ်ဝန်းလုံးက ပိုမိုမြှင့်တင် လေးစားလိုက်နာ ကျင့်သုံးကြစေရေးအတွက် ဆောင်ရွက်မည်ဟု ကတိပြုပြီးဖြစ်သောကြောင့်လည်းကောင်း၊

အဆိုပါ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အတူတကွ နားလည်မှုရှိခြင်းသည် ဤကတိကဝတ်ကို အပြည့်အဝအကောင်အထည်ဖော်စေရေးအတွက် အရေးကြီးဆုံးဖြစ်သောကြောင့် လည်းကောင်း၊



ကိုန်ချူင် လုပ်ဂကောံကုလသမဂ္ဂတအ် ညးဂမ္ဂိုင်ဝွံ ဒးန္ဂံခရ်ပတော် ရေ်သေ်သဂိုင်အခေါင်အရာမွိဟ်တမ်မူလ၊ ၚုဟ်မးမွိဟ် ကောံ သိက္ခာမွိဟ်၊ အခေါင်တုပ်သုဟ် အကြာမွိဟ်တြ ကိုမွိဟ်ဗြဴတံဂှ် သ္ပဗမာန်လဝ် လိက်ကသုက် ပဋိညာဉ်ကုလသမဂ္ဂတဲ ပွဲအကြာ အခေါင်သ္ဒးပွးဂှ် သွက်ဂွံသ္ဒုင်ပတိုန် သန္နိဋ္ဌာန် သ္ဂောံသ္ဒုင်ပတိုန် ပရေင်မွိဟ် ကောံ ဘဝကဆံင်မွိဟ် သ္ဂောံတဴတက်ရောင်။

ကိုန်ချူင် လုပ်ဂကောံကုလသမဂ္ဂတအ် ပံင်တောဲကို ဂကောံ ကုလသမဂ္ဂတဲ သ္ဒးကိုကတိပါင် သွက်ဂွံသ္ဒုင်ပတိုန်ကဆံင် အခေါင်အရာမွိဟ်ဂမ္ဂိုင် ကောံသဂိုင်အခေါင်ဗှ်ုးစဴးတအ် အတိုင်မွဲဍုးတိ သွက်သ္ဂောံဒှ်တ်ဗက်ရပ်စပ်အာမာန်ဂှ် ဒးဂစာန်ကၠောန်ရောင်။

လတူ အခေါင်အရာမွိဟ်ကောံ အခေါင်ဗှ်ုးစဴးဂှ်ညံင်သ္ဂောံက္ဍိုပ် ကေတ်မွဲစွံမာန်တဲ အတိုင်မကိုလဝ်ကတိပါင်ဟောင် သ္ဂောံခမံက် အာရုပ်ရဂှ် ဒှ်တင်ပိုက်ဖ္အော်အိုတ်ရ။

လူတိုင်း၊ အဖွဲ့အစည်းတိုင်းက ဤကြေညာစာတမ်းကို အစဉ် နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားကြစေရန် သင်ကြားခြင်း၊ အသိပညာပေးခြင်းဖြင့် အားထုတ်ကြစေရန်အတွက်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ထိုနိုင်ငံတို့၏ စီရင်ပိုင်ခွင့်အာဏာအောက်ရှိ နယ်ပယ်အတွင်းမှ တိုင်းသူပြည်သားများက အဆိုပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျယ်ပြန့် ထိရောက်စွာ အသိအမှတ်ပြု လိုက်နာကျင့်သုံးစေရန် အလို့ငှာ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်တို့တွင် တိုးတက်သော အစီအမံများဖြင့် အားထုတ်ကြစေရန်အတွက်လည်းကောင်း ရည်ရွယ်လျက်၊ နိုင်ငံခပ်သိမ်း၊ လူခပ်သိမ်းတို့ အောင်မြင်မှုရရှိရန် ဆောင်ရွက်ကြရမည့် အားလုံးနှင့်ဆိုင်သော စံတစ်ရပ်အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ဤကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ယခု ထုတ်ပြန်ကြေညာလိုက်သည်။

**အပိုဒ် ၁**

လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူ ရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်။



ဗှာပ်မှိုဟ်၊ ဗှာပ်ဂကောံတအ်လေဝ် လတူလိက်လလောင်ဒြး တအ်ဂှ် ဇေံစိုတ်တဲ အတိုင်မွဲဂၠးတိ စပ်ကဵုအခေါင်အရာဂမျိုင် ကောံ အခေါင်ဗှုးဇးဂှ် ရှေ်သေ်တဲ ဗတောန်ကဵုပညာ၊ ကဵုလညာတ်တဲ လွှ်ပရာအာကဵု၊ ကောန်ညးချူင်ကွာန် မန္ဒုဳင် ပ္ဍဲဒေသကိုန်ချူင် ကောန်ချူင်ကောန်ဂကောံကုလသမဂ္ဂကော် ပ္ဍဲကဵုဒေသ ဗွိုင်ချူင် ဂမျိုင်တအ်ဂှ် ဒးယိုက်ဒိုက် အခေါင်အရာနာနာ ကောံ အခေါင် ဗှုးဇးတအ် သွက်သ္ဂောံစိုပ်တရ်မာန် နူကဵုကဆံင်ချူင် စိုကဵု ကဆံင် ဂၠးတိမာန် သ္ဒးပတိတ်ဖျဟတ် လွှ်ပရာအာ ပွဲမအံင်ဖွး နကဵုတင် ရန်တုံ အခေါင်အရာမှိုဟ်ဂွံ ဒ္ဒတိုင်ဒီ သွက်မှိုဟ် ပ္ဍဲအလုံလိုက်တဲ နူကဵုသဘင်သီကဵု ကုလသမဂ္ဂဂွံ လလောင်ဒြးဏာ လိက်လလောင်ဒြး အခေါင်အရာမှိုဟ်ဂၠးတိရ။

**ပိုဒ် (၁)**

မှိုဟ်ဂမျိုင် အိုသီုတအ်ဂွံ စနူသ္ဂးတိတ်နူဂဝ်ဂှ် ဒ္ဒမှိုဟ်သ္ဂးပွးအိုတ်တဲ အခေါင်အရာ ကောံ သိက္ခာမှိုဟ်တအ် တုပ် သ္ဂဟ်ရ။ မှိုဟ်တအ်ဂှ် နွံကဵုဓရ်စင်ခြင်ကောံ သမ္တီညာဏ် ဓဝ်ပါပ်ါ ခိုဟ်ပရေံနွံတဲ ညးမွဲ ကောံ ညးမွဲ ထေက်ကဵုသ္ဒးဒ္ဂေတ်ဗက် ဆက်ဆောံညးသ္ဂအ် နစိုတ်ဓာတ်ကောံဒေံအရေင်ရ။

**အပိုဒ် ၂**

လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်၊ ပစ္စည်းဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်း စသည့် ခွဲခြားမှုမျိုး မရှိစေဘဲ ဤကြေညာစာတမ်းတွင် ဖော်ပြပါရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့် အားလုံးကို ခံစားခွင့်ရှိသည်။ ထို့ပြင် လူတစ်ဦးတစ်ယောက် နေထိုင်ရာ နိုင်ငံ သို့မဟုတ် နယ်မြေဒေသသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နယ်မြေဖြစ်စေ၊ ကုလသမဂ္ဂထိန်းသိမ်းစောင့်ရှောက်ခံ နယ်မြေဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာမရရှိသော နယ်မြေဖြစ်စေ သို့မဟုတ် အချုပ်အခြာအာဏာ တစ်စုံတစ်ရာ ကန့်သတ်မှုရှိသည့် နယ်မြေဖြစ်စေ ယင်း၏ နိုင်ငံရေး၊ တရားစီရင်ပိုင်ခွင့် သို့မဟုတ် နိုင်ငံတကာ အဆင့်အတန်းတစ်ခုခုကို အခြေပြု၍ ခွဲခြားမှု မပြုလုပ်ရ။

**အပိုဒ် ၃**

လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှု ရခွင့်ရှိသည်။

**အပိုဒ် ၄**

မည်သူ့ကိုမျှ ကျေးကျွန်အဖြစ် သို့မဟုတ် အစေအပါးအဖြစ် မပြုရ။ ကျွန်ပြုခြင်းနှင့် ကျွန်အရောင်းအဝယ်ပြုခြင်းပုံစံအားလုံးကို ပိတ်ပင်တားမြစ်ရမည်။

**အပိုဒ် ၅**

မည်သူ့ကိုမျှ ညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။



**ဝိၣ် (၂)**

ဗှာပ်မိှဟ်ဝွံ့ စပ်ကိုဂကူ၊ အရံင်ဖျုန်စှာံ၊ လိင်၊ အရေဝ်ဘာသာ၊ သာသ္နာမရှ်ေသ္ဂၞ်၊ ပရေင်ချင်ကွာန် (ဟွံသေင်မွး) ဓရ်ဒုင်ဂိုင်တွဟ်ဟ်၊ ကောန်ချင် (ဟွံသေင်မွး) စပ်ကို မဇကဆံင်မိှဟ်၊ ဒြပ်ရတ် ဂုဏ်မနေ၊ ဇာတိမဇဂကူ ကော့ံ ကဆံင်အလံင်ဂမျိုင် ပါခြာ ဟွံမွဲ မွဲသၚ် ညံင်သ္ဂောံဒုင်စသိုင် အခေါင်အရာ ကော့ံ အခေါင်ဗ္ၚးဓိုး တုပ်ပ်ဂွ် အတိုင်မဓမံက်ထ္ၜးလဝ် ပွံလိက်လလောင်တြးဝွံရ။ တုဲပ္ဍုန် သ္ဂသဖိုင် ကို ကိုန်ချင်မိှဟ်မွဲမွဲမံင်စံင် (ဟွံသေင်မွး) ချင်မဂွံလေဝ်အဓိအာဏာ ဗွဲမဗ္ၚးဓိုးဒ္ဒိ၊ မဒ္ဒိဒေသကုလသမဂ္ဂ ထိင်ဒဝ်မင်မွဲလဝ်ကိုဒ္ဒိ၊ မဒ္ဒိဒေသ ဟွံဂွံလဝ် အခေါင်အဓိအာဏာ နဒ္ဒိအုပ်ဓုပ်အလိုဇကုကိုဒ္ဒိ၊ နကို အဓိအာဏာကိုလဝ် ပွံကို ဒေသမွဲမွဲကိုဒ္ဒိ သ္ဂဟိုတ်ကိုပရေင်ချင်ကွာန် အခေါင်စီရေင်သ္ဂောဝ် (ဝါ) ကဆံင်အလံင်ဂ္ၚးကဝ်တုဲ ပါခြာ ထောံ အခေါင်အရာမိှဟ် ဟွံဂွံရ။

**ဝိၣ် (၃)**

ဗှာပ်မိှဟ်တအ် အခေါင်ဂျိုင်တ်လမျိုု၊ အခေါင်ဗ္ၚးဓိုး ကော့ံ အခေါင် ဂိုကို့ ပရေင်ပူကိုမိှဟ် ဒးန္ဂံရ။

**ဝိၣ် (၄)**

မိှဟ်အလိုမွဲမှ ဒးဒုင်သ္ဂကောန်ဍိက် (ဝါ) ဒးဒုင်သ္ဂဏာကောန်ရဲတဝ် ခ္ဍာ ဟွံဂွံရ။ စိုအ္ဍာကွာတ်လဒိအာ ကမှောန်သ္ဂကောန်ဍိက်ကော့ံ ဗိုပြင်သ္ဂံရာန်ကောန်ဍိက်ရ။

**ဝိၣ် (၅)**

မိှဟ်အလိုမွဲဂွ် ဒးဒုင်ချိုချိုက်ပျဲပျာံ (ဝါ) ရုန်မိုကြမ်ကြ၊ ဟွံဗဗွဲကို သဘာ်မိှဟ်၊ ကျောန်သ္ဂဆက်ဆောံညံင်ရ် သိက္ခာမိှဟ် သ္ဂောံဖြး စေ့အာ (ဟွံသေင်မွး) ကိုဒုဟ်ဒန် ဟွံဂွံရ။

**အပိုဒ် ၆**

လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်။

**အပိုဒ် ၇**

လူအားလုံးတို့သည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏ တန်းတူကာကွယ်စောင့်ရှောက်မှုကို မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်။ ဤကြေညာစာတမ်းကို ဖောက်ဖျက်၍ ခွဲခြားဆက်ဆံခြင်းမှလည်းကောင်း၊ ထိုသို့ ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းမှလည်းကောင်း၊ တူညီသော ကာကွယ်စောင့်ရှောက်မှုကို ခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် ၈**

လူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေအရ ၎င်းအားခံစားခွင့်ပြုထားသည့် မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရလျှင် ထိုသူသည် စီရင်ပိုင်ခွင့်ရှိသော နိုင်ငံတော်ခုံရုံးများ၏ ထိရောက်သော ကုစားပေးမှုကို ရပိုင်ခွင့်ရှိစေရမည်။

**အပိုဒ် ၉**

မည်သူမျှ မတရားဖမ်းဆီးခြင်း၊ မတရားချုပ်နှောင်ခြင်း၊ မတရားပြည်နှင်ခြင်း မခံစေရ။

**အပိုဒ် ၁၀**

လူတိုင်းသည် ၎င်း၏ အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း လွတ်လပ်၍ ဘက်လိုက်မှုမရှိသော တရားရုံးတစ်ရပ်က အများပြည်သူ ရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို တန်းတူရည်တူ အပြည့်အဝ ရပိုင်ခွင့်ရှိသည်။



**ပိုဒ် (၆)**

ၹာပ်မွိုဟ်ငွံ ပွဲဂတမုက်သွောဝ်ဥပဒေဂှ် ဇနဒဒ်မွိုဟ်မွဲပောင် အခေါင်ဒးဒုင်သွစွတ်သမ္တီဒးနွံရ။

**ပိုဒ် (၇)**

မွိုဟ်ဂမျိုင်တအ်ၥ် အိုသီ ပွဲအရာစီရေင်သွောဝ် (ဂဗုတ်) ဂှ် ငွံဒုင်စသိုင် အခေါင်တုပ်သွုဟ်တဲ့ ငွံအခေါင်တုပ်သွုတ် ပွဲအရာစိုဒ္ဒာမင်မွဲရ။ လတူ့ လိက်လလောင်တြွးဏာအ်ဂှ် ညးလိုဖိက်ပွန်မံင်ကိုဒ်၊ ဒးဒုင်ပါခြာတဲ့ဆက်ဆောံမံင်ကိုဒ် ၹာပ်မွိုဟ်ဂှ်အခေါင်ငွံဒုင်စသိုင်ပွမစိုဒ္ဒာမင်မွဲ ပွဲသွောဝ်ဥပဒေဂှ် ဒးတုပ်သွုဟ်ရ။

**ပိုဒ် (၈)**

ၹာပ်မွိုဟ်ငွံ ယဝ်ရ ဒးဒုင်ဖိက်ပလိုအခေါင်အရာသဖိုင် မဖိုန်ကၠုင်လဝ် အတိုင်သဖိုင်ဒက်ပတန်သွောဝ် (ဟွံသေင်) နကိုသွောဝ်ဥပဒေ အပွဲချုင်မွး နကိုရုပ်သွောဝ်ဓရ်ကွိုန်ချုင် ဒးကိုပရေင်စိုဒ္ဒာမင်မွဲအာ စိုကိုစိုပ်တရ်ရောင်။

**ပိုဒ် (၉)**

မွိုဟ်အလိုမွဲလေဝ် သ္ဒးဒုင်ရပ် နကိုဗပွဲဓဝ်ဟွံသေင်ကို ဒက်ချူက်လဝ်ကို၊ သ္ဒးဒုင်ဗက်ပတိတ်နူချုင်ကို သွပ်ဟွံငွံရ။

**ပိုဒ် (၁၀)**

ၹာပ်မွိုဟ် အခေါင်နွံသွက်ငွံဒုင်စသိုင်တုပ်သွုဟ် ပွဲအရာကၠုင်ဖျေဂဗုတ် နူကိုရုင်သွောဝ်ဓရ်သ္ဂးပွး ဟွံဗက်မုက်မွဲမွဲလွပ်နွံကိုပရေင်တပ်တးဂှ်တဲ့ အခေါင်နွံ တာလျိုင်နွံ သွက်ငွံစိုဒ္ဒာအာ ဂဗုတ်မဖျေလဝ်ဖျေသ္ဂုတ်သွာတ် အပွဲအရာစောဲလဝ် အမူဂဗုတ် လတူ့ညးဂှ်ရောင်။

**အပိုဒ် ၁၁**

(၁) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသော လူတိုင်းသည် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပရန် လိုအပ်သည့် အာမခံချက်ရှိသော၊ အများပြည်သူရှေ့မှောက်၌ စစ်ဆေးသော တရားရုံးက ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်မှု မခံရမချင်း အပြစ်မဲ့သူဟူ၍ မှတ်ယူခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။

(၂) ပြစ်မှုကျူးလွန်သည့်အချိန်တွင် ပြည်တွင်းဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအရဖြစ်စေ လုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်သည် ပြစ်မှုမမြောက်ပါက ထိုလုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအတွက် မည်သူမျှ အပြစ်မရှိစေရ။ ပြစ်မှုကျူးလွန်သည့် အချိန်ကာလတွင် ထိုက်သင့်စေနိုင်သော ပြစ်ဒဏ်ထက် ပိုမိုကြီးလေးသော ပြစ်ဒဏ်ကို ထိုက်သင့်စေခြင်း မရှိစေရ။

**အပိုဒ် ၁၂**

မည်သူမျှ မိမိ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ မိသားစု၊ နေအိမ် သို့မဟုတ် စာပေးစာယူကိစ္စရပ်များတွင် မတရားဝင်ရောက် စွက်ဖက်ခြင်းကိုလည်းကောင်း၊ မိမိ၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုအား ပုတ်ခတ်ခြင်းကိုလည်းကောင်း မခံရစေရ။ လူတိုင်းသည် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ပုတ်ခတ်ခြင်းတို့မှ ဥပဒေအရ အကာအကွယ်ရပိုင်ခွင့်ရှိသည်။

**အပိုဒ် ၁၃**

(၁) လူတိုင်းတွင် နိုင်ငံ၏ နယ်နိမိတ်အတွင်း၌ လွတ်လပ်စွာ သွားလာရွှေ့ပြောင်းခွင့်နှင့် နေထိုင်ခွင့်ရှိသည်။



**ပိုဒ် (၁၁)**

(၁) ဖှာပ်မှိဟ် ဒးဒုင်စောဲစပ်လဝ်အမှူဂပုတ်ဝှံ့ သွက်ဝှံ့ကလေင်ဒုင်သုံ့ခလေဝ် အမှူဂပုတ် မဒုင်စောဲလဝ်ဂှ် မဒးနွံကိုတ်ဒုင်လျိုင်အိုတ်သီုတဲုစိုက်ကို ရင်သ္ဂောဝ်ဓရိမဟာဇန်ညးချင်က္ဍာန်ဂှ် အဝတိုင်ဥပဒေ ကလိလောန်ဒှ်ဒန်နွံရောင် ဟွံဂွံဖျေံဏီမွဲး ယြုပ္ဂိုဝွံဒှ်ဟွံမွဲရောင် ဒးဒုင်သွစုတ်သမ္တိရ။

(၂) အခိင်ကလိလောန်ဒှ်ဂှ် နကိုဥပဒေအပ္ဍဲချင်ကိုန်ဒှ်၊ ဥပဒေချင်နာနာကိုန်ဒှ် ခွံဗဒှ်လဝ် ဥပဒေပ္ဍဲအရာဂှ် ဟွံမွဲမွဲး ညးအလိုမွဲလေဝ်ဒှ်ဟွံမွဲရ။ ယဝ်ရနူကို ရင်သ္ဂောဝ်ဓရိ ကိုဒှ်မွဲမွဲသ်ာမွး စက်စေတ်နူကိုဒှ် မဒးကိုထေက်တဲ ကိုဟွံဂွံရ။

**ပိုဒ် (၁၂)**

ညးအလိုမွဲလေဝ် ဟွံဂွံဒးဒုင်လုပ်ပထဲ ပ္ဍဲအရာကိစ္စ အခေါင်အရာသ္ၚးပွးပူဂို၊ ကိုန်သ္ဂိ၊ သ္ဂိဍာန် သိုက်ကိ လိက်ကိုပြင်နင်တအ် (ဝါ) ဟွံမွဲကိုသ္ဂောဝ်မွဲသ်ာဍိုက်ဟာရိုက် အရာဂုဏ်သိက္ခာ ကော်ံ စရဲဂုဏ် ညးမွဲမွဲရ။ ယဝ်ရ လုပ်ပထဲသ်ာဏအ်မွး ယြုပူကို ဒးဒုင်ဂှ် နကိုဥပဒေ အခေါင်စိုဒှ်ာ ဒးနွံရောင်။

**ပိုဒ် (၁၃)**

(၁) ဖှာပ်မှိဟ် အပ္ဍဲပယျိုဒ္ဂက်ကိုန်ချင်ဇကုမတန်တ်ဂှ် ဗွဲမသ္ၚးပွး အခေါင်အာက္ဍုင်ဆဲပြိုင်မံင်စံင် တန်တ်နွံရောင်။

(၂) လူတိုင်းတွင် မိမိ၏နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိ၏နိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်။

**အပိုဒ် ၁၄**

(၁) လူတိုင်းသည် ဖိစီးနှိပ်စက်မှုမှ လွတ်ကင်းရန် အခြားနိုင်ငံများ၌ ခိုလှုံခွင့်ကို တောင်းခံပိုင်ခွင့်နှင့် ရရှိခံစားပိုင်ခွင့်ရှိသည်။
(၂) နိုင်ငံရေးနှင့်မပတ်သက်သည့် ပြစ်မှုများ၊ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်နှင့် အခြေခံမူများကို ဆန့်ကျင်သော အပြုအမူများမှ အမှန်တကယ် ပေါ်ထွက်လာသည့် တရားစွဲဆိုသော အမှုများတွင် အထက်ပါအခွင့်အရေးကို ကိုးကားအသုံးပြုခွင့် မရှိစေရ။

**အပိုဒ် ၁၅**

(၁) လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။
(၂) မည်သူမျှ မိမိ၏နိုင်ငံသားဖြစ်မှုကို မတရားရုပ်သိမ်းခြင်း မခံရစေရ။ မိမိ၏ နိုင်ငံသားဖြစ်မှု ပြောင်းလဲနိုင်သည့် အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံရစေရ။

**အပိုဒ် ၁၆**

(၁) အရွယ်ရောက်ပြီးသော ယောကျ်ားနှင့် မိန်းမတို့တွင် လူမျိုး၊ နိုင်ငံသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာကို အကြောင်းပြု၍ ကန့်သတ်ချက် တစ်စုံတစ်ရာမရှိစေဘဲ ထိမ်းမြားလက်ထပ်ပိုင်ခွင့်နှင့် မိသားစု ထူထောင်ပိုင်ခွင့်ရှိသည်။ ၎င်းတို့သည် လက်ထပ်ရာတွင်လည်းကောင်း၊ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေစဉ်တွင်လည်းကောင်း၊ ကွာရှင်းပြတ်စဲသည့်အခါတွင်လည်းကောင်း တန်းတူရည်တူ အခွင့်အရေးများ ရခွင့်ရှိသည်။



(၂) ဇ္ဇာပ်မှိုဟ် သီမပါလုပ်ချုင်ဇကုမတန်တ်ကို၊ ချုင်လိုဟ်ွပ်ကို အခေါ်င်စဒုးတိတ် ကော့ံ အခေါ်င်ကလေင်စ်ချုင်ဇကု ဒးနွံရောင်။

**ပိုဒ် (၁၄)**

(၁) ဇ္ဇာပ်မှိုဟ်ဝ္ဂံ သွက်ဝွံဗ္ဗးနူပရေင်ချိုချိုက်သွမာန်ကြါကြတဲ ယဝ်တန်တ် ပွဲချုင်ဇကု ဟွံဝွံမွူး အခေါ်င်အာတ်ဇုဒ္ဒိချုင်သ္ဘာင်ဒးနွံရောင်။
(၂) အမူဂဗုတ် ဟွံဆောင်ကိုပရေင်ချုင်ကွာန် ဗိုပြင်ဒစိုဒစးကို ရန်တုံ ကော့ံ မူသဖိုင်နူကုလသမဂ္ဂတဲ အမူမဒးဒုင်စောဲလဝ်ဂှ် အခေါ်င် စကာအတိုင်ပိုဒ် (၁) လတူတော့ံ အခေါ်င်ဟွံဝွံရ။

**ပိုဒ် (၁၅)**

(၁) ဇ္ဇာပ်မှိုဟ် အခေါ်င်ဒုင်ဂိုင်ကေတ် ကောန်ချုင်မွဲချုင်နွံရောင်။
(၂) ညးအလိုမွဲလေဝ် ပရေင်ဒ္ဒကောန်ချုင်ဇကုဂှ် ဒးဒုင်ရုပ်သီထော့ံဟွံမွဲဗဗွဲခရိုဂှ် ဟွံဒးဒုင် သီကို အခေါ်င်အရာ ဇကုပြိုင်လှာဲကောန် ချုင်ဂှ် ကယျာန်တးပါကေ့ံဟွံဝွံရ။

**ပိုဒ် (၁၆)**

(၁) ဇ္ဇာပ်မှိုဟ်စိုပ်ဝဲ မှိုဟ်တြို မှိုဟ်ဗြဲဟွံဟို ဒုင်သဖိုင်ကို ကောန်ချုင်ဟွံသေင်မွူး သာသနာရေ်သေ့တဲ ဟွံမွဲကိုပိုင်ခြာ အခေါ်င်အရာ သွမ္ဂိုထပ်တဲ ကော့ံ ပတန်ကိုန်သိုနွံရ။ ပွဲအရာသွမ္ဂိုထပ်တဲကို၊ နကို တြိုဗြဲ အခိုင်ပံင်မံင်မွဲစွံကို၊ အခိုင်ပြးပါဂွံင်ညးသ္ကံကို အခေါ်င်အရာ ဒးနွံရောင်။

(၂) သတို့သားနှင့် သတို့သမီး နှစ်ဦးနှစ်ဖက်တို့၏ လွတ်လပ်သော သဘောဆန္ဒ အပြည့်အဝရှိမှသာလျှင် ထိမ်းမြားလက်ထပ်ခြင်းပြုရမည်။
(၃) မိသားစုသည် လူ့အဖွဲ့အစည်း၏ သဘာဝကျသော အခြေခံအဖွဲ့ ဖြစ်ပြီး လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို ခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် ၁၇**

(၁) လူတိုင်းတွင် မိမိတစ်ဦးချင်းသော်လည်းကောင်း၊ အခြားသူများနှင့် စုပေါင်း၍သော်လည်းကောင်း ပစ္စည်းဥစ္စာကို ပိုင်ဆိုင်ခွင့်ရှိသည်။
(၂) မည်သူမျှ မိမိပိုင်ပစ္စည်းဥစ္စာကို မတရားသိမ်းယူခြင်း မခံထိုက်စေရ။

**အပိုဒ် ၁၈**

လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ခွင့်၊ အမှားအမှန် ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများတွင် မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ပြောင်းလဲခွင့်အပြင်၊ တစ်ဦးချင်းဖြစ်စေ၊ အများနှင့် စုပေါင်း၍ဖြစ်စေ၊ မိမိကိုးကွယ်သည့်ဘာသာ သို့တည်းမဟုတ် သက်ဝင်ယုံကြည်မှုကို အများပြည်သူရှေ့မှောက်၌ဖြစ်စေ၊ သီးခြားဖြစ်စေ လွတ်လပ်စွာ သင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်ခွင့်တို့လည်း ပါဝင်သည်။



(၂) အလံင်တြို ကော့ံ အလံင်ဖြ သီဓါလွှ်တံ နကိုဆန္ဒသွ့းပွး ဟောင် အခေါင်သွမ္ဂိုထပ်တဲ နွံရ။
(၃) ကိုန်သို့ဝွံ ဒ္ဓသဖိုင်သဘာဝဂကော်ံမှိုဟ်မွဲတဲ့ အခေါင်ဝွံဒုင်စ သိုင် ပရေင်မင်မွဲစို့ဒ္ဓာ နူကိုပွဲဂကော့ံမှိုဟ် ကော့ံ နူကိုကိုန်ချူင်နွံ ရောင်။

**ပိုဒ္ဒ (၁၇)**

(၁) ဇ္ဇာပ်မှိုဟ် နကိုဇကုမွဲခဝ်ကို၊ ပံင်ဖက်ကိုညးတွှဟ်တံကို အခေါင် ပိုင်ပြိုကပေါတ်ကညောတ် ပိုန်ဒြပ်တံနွံရ။
(၂) ကပေါတ်ဂြပ်ဇကု ပိုင်ပြိုလဝ်ဂှ် ညးအလိုမွဲလေဝ် သီဓ္ဓောဝ် ကေတ်ဏာ ဟွံဂွံရ။

**ပိုဒ္ဒ (၁၈)**

ဇ္ဇာပ်မှိုဟ် အခေါင်ကူချပ်စင်ခြင်သွ့းပွး၊ အခေါင်ပါ်ပါဗ္ဗတ်ဒး ကော့ံ အခေါင်ရှေ်သွေ်နွံရ။ အခေါင်အရာတံဏံဂွံ သာသနာရှေ်သွေ် ဟွံသေင်မ္ဂး ခရ်ပတော််တံ အခေါင်ပြ်ာင်လှာဲသွ့းပွး၊ နကိုပူဂိုမွဲကိုဒ္ဓ၊ ပံင်ကော်ံကိုညးဂမ္ဂိုင်ကိုဒ္ဓ သာ သနာဇကုရှေ်သွေ် ဟွံသေင်သာ်ဂှ် ခရ်ပတော််တံဂှ် ဂတညးချူင်ကွာန်ဂမ္ဂိုင်ကိုဒ္ဓ၊ တွှဟ်ခြာကိုဒ္ဓ အခေါင် ပတိုန်ထ္ဓး ဗွဲမသွ့းပွး၊ အခေါင်စကာ၊ အခေါင်ရှေ်သွေ် ကော့ံ အခေါင် ဒက်ပတန်တံ ပါလုပ်ရ။

**အပိုဒ် ၁၉**

လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောက်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို သတင်းမီဒီယာ တစ်ရပ်ရပ်မှ တစ်ဆင့် နယ်နိမိတ် အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်း ပါဝင်သည်။

**အပိုဒ် ၂၀**

(၁) လူတိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်တို့ကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိသည်။

(၂) အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ပါဝင်စေရန် မည်သူ့ကိုမျှ အတင်းအကျပ် မပြုရ။

**အပိုဒ် ၂၁**

(၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အစိုးရအဖွဲ့အစည်း၌ တိုက်ရိုက်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းဖြစ်ရန် တူညီသည့် အခွင့်အရေးရှိသည်။

(၃) အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ လူတိုင်း ပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့် ဖြစ်စေ အချိန်ကာလ အပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်။



**ပိုဒ် (၁၉)**

ဖှာပ်မှိုဟ်ပရေင်သ္ုးပ္ုး လညာတ်ပါပါ ကော့ံ ခမံက်ထ္ၚးတံ အခေါင်နွံရ။ အခေါင်အရာတံဏံဝ္ံ ဟ္ံမ္ံကိုပထုဲပလိုမ္ဲသာ် ဗ္ဲမသ္ုးပ္ုး အခေါင်လညာတ်ပါပါတံကိုး၊ တင်နင်ပရိုင်တံကို ကူချုပ်စင်ခြင်တံဂ့် နူကိုပရိုင်မီဒီယျာမ္ဲမ္ဲကဆံင် ဟ္ံမ္ဲကိုပယျို ဒ္ှက်မ္ဲသာ် အခေါင်လ္ဟတ်ဂ့ိုက်ဂ့ာ်၊ အခေါင်ဒုင်ဂိုင်ကေတ် ကော့ံ အခေါင်တရးတံ ပါလုပ်ရ။

**ပိုဒ် (၂၀)**

(၁) ဖှာပ်မှိုဟ် အခေါင်ကော်ံရေိုဗ္ဲမစိုဟ်ညြိုဟ် ကော့ံ အခေါင်ဒက်ဂကော်ံတံဂ့် ဗ္ဲမသ္ုးပ္ုး ဒးနွံရောင်။

(၂) အပ္ဲဂကော်ံမ္ဲမ္ဲ ဝ္ံပါလုပ်ဂ့် အတိုင်ပိုက်စိုတ်ဇကုပောင် ပါလုပ်ဝ္ံတုဲ ညးမ္ဲမှ ကိုဖြဟာတ်ဒရိုဟ်ဟ္ံဝ္ံရောင်။

**ပိုဒ် (၂၁)**

(၁) ဖှာပ်မှိုဟ် ပ္ဲဂကော်ံအလိုအသီချုင်ဇကုတံဂ့် တိုက်ရိုက်ကိုဒ္၊ နူကိုမှိုဟ်စ္ုး ဇကုရုဲစုလဝ်မ္ဲကဆံင်ကိုဒ္ အခေါင်ပါလုပ်ရေင်တ္ုင် နွံရ။

(၂) ဖှာပ်မှိုဟ် ဝ္ံဒ္မှိုဟ်ယိုက်ဂ္ေင်တာလျိုင် အပ္ဲချုင်ဇကုဂ့် နွံကို အခေါင်အရာ တုပ်သ္ုဟ်ညးသ္ကံရ။

(၃) အဝိုအာဏာအလိုအသီပကာင်ရင်ကိုန်ချုင်ဝ္ံ ဒုင်သ္ကိုင်ကိုလတူ ဆန္ဒညးချုင်ကွ္ာန်တံရ။ ဖှာပ်မှိုဟ်အခေါင်စုတ်မာဲ တုပ်သ္ုဟ်နွံတုဲ နကိုသေ္ှာတ်မာဲမှုက်ကိုဒ္၊ နကိုတုပ်သ္ုဟ်ကုသေ္ှာတ်ဂ့်ကိုဒ္ နကို အခိုင်ပိုင်ခြာမ္ဲမ္ဲ ကျော်ာန်ဗဒ္ကိုတုဲ ဒးခမံက်ထ္ၚးဆန္ဒတံ ပ္ဲပေါ်ရုဲမာဲ ရောင်။

**အပိုဒ် ၂၂**

လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် လူမှုဘဝလုံခြုံရေး ရယူပိုင်ခွင့်ရှိသည့်ပြင်၊ မိမိနိုင်ငံ၏ ဖွဲ့စည်းမှုနှင့် အရင်းအမြစ်တို့အရ အမျိုးသား ကြိုးပမ်းမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ရည်ကိုယ်သွေး လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် ၂၃**

(၁) လူတိုင်းတွင် အလုပ်လုပ်ပိုင်ခွင့်၊ မိမိနှစ်သက်ရာ အလုပ်အကိုင်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်၊ တရားမျှတ၍ အဆင်ပြေမှုရှိသော လုပ်ငန်းခွင်အခြေအနေများ ရပိုင်ခွင့်နှင့် အလုပ်လက်မဲ့ဖြစ်ခြင်းမှ အကာအကွယ် ရပိုင်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် တူညီသော အလုပ်အတွက် တူညီသော လုပ်ခကြေးငွေကို ခွဲခြားမှုတစ်စုံတစ်ရာမရှိစေဘဲ ရပိုင်ခွင့်ရှိသည်။

(၃) အလုပ်လုပ်သည့်လူတိုင်းတွင် မိမိနှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့် ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည့် တရားမျှတ၍ လျော်ကန်သင့်မြတ်သော အခကြေးငွေရပိုင်ခွင့်ရှိသည်။ လိုအပ်လျှင် အခြားလူမှုရေးကာကွယ်စောင့်ရှောက်မှုများကိုလည်း ဖြည့်စွက်ရရှိခံစားပိုင်ခွင့်ရှိသည်။

(၄) လူတိုင်းတွင် မိမိ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အလုပ်သမား သမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် ယင်းသမဂ္ဂများတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိသည်။



**ပိုဒ် (၂၂)**

ဖှာပ်မှိဟ် နကိုကောန်ဂကော်ပရေင်မှိဟ်မွဲ အခေါင်ဒုင်စသိုင် ပရေင်ဘဝမှိဟ် ဂိုကျိုန္တံတဲ့ ပရေင်ရုန်ဂစာန်ကောန်ဂကူ၊ ပရေင်ပံင် ကော်ရေင်တ္ၚုင်ကုချင်ဂွးကဝ်တံဂှ် ဖွဲမကိတ်ညဳကို ဂကော်မှိဟ်ချင် ဇကု ကော်တမ်ရိုဟ်တဲ့ ရေင်တ္ၚုင်အာ ပရေင်ဖောအ်ပြေဝ် သွးပွး ဂုဏ်သိက္ခာ ကော် စရဲဉ်ဒကေဝ်ပူဂိုဂှ် ဟွံမွဲဟွံတဲ့ သိုကို ဒးရေင် တ္ၚုင်အာ ပရေင်ပိုန်ဒြပ်၊ ပရေင်မှိဟ် ကော် အခေါင်အရာ ယေန်သ္ၚာင်တံ ဒးန္ဂံရ။

**ပိုဒ် (၂၃)**

(၁) ဖှာပ်မှိဟ် အခေါင်ကျောန်ကမှောန်၊ အခေါင်ဂှဲကမှောန် ဇကုဒးဂွပ်စိုတ်၊ အကာဲအရာဗိုင်ကမှောန် ဇကုဒးဂွပ်စိုတ်တအ် ဒးန္ဂံတဲ့ သိုကို ဂွံဒုင်စသိုင် နူကိုဘဝ ကမှောန်ဟွံမွဲတံရ။

(၂) ဖှာပ်မှိဟ် ဟွံဒးဒုင်ပရေင်ပါခြာ မွဲသာ် သ္ဂကကမှောန်တုပ် သ္ၚဟ် ၚှုဟ်မးဒးတုပ်သ္ၚဟ် အခေါင်ဒုင်စသိုင်န္ဂံရ။

(၃) ဖှာပ်မှိဟ်ကျောန်ကမှောန် သ္ဂကဘဝဂွံတန်အာ မှံကိုဂုဏ် သိက္ခာမှိဟ် သ္ဂကပူဂိုဇကု ကော် ကိုန်သ္ဂိပူဂိုဇကုတံ တင် ဒုင်လျိုင် မှံကိုဗဗွဲ‌ခရ်မကြိုက်တန်ကိုၚှုဟ်မး အခေါင်ဒုင်စသိုင်န္ဂံရ။ ကာလန္ဂံ ကျုင်ပိုက်မွး အခေါင်ဂွံဒုင်စသိုင် ပရေင်မင်မွဲ မင်မွဲရံင်စံင် ပရေင် မှိဟ်တအ် ဒးန္ဂံရောင်။

(၄) ဖှာပ်မှိဟ် သ္ဂကဂွံစိုအ္ၚာမင်မွဲဂုဏ်ဖိုပရေင်ပိုင်ဒြပ်ဇကုဂှ် အခေါင် ပါလုပ်ကပ်ပတန်ရေင်တ္ၚုင် ပွဲဂကော်သမဂ္ဂသ္ၚာကမှောန် န္ဂံရ။

**အပိုဒ် ၂၄**

လူတိုင်းတွင် ကြောင်းကျိုးလျော်ညီစွာ ကန့်သတ်ထားသည့် အလုပ်ချိန်နာရီနှင့် လစာခံစားခွင့်ရှိသော အခါကာလ အားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များအပါအဝင် အနားယူခွင့်နှင့် အားလပ်ခွင့်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် ၂၅**

(၁) လူတိုင်းတွင် အစားအစာ၊ အဝတ်အထည်၊ နေအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များ အပါအဝင် မိမိနှင့် မိမိ၏မိသားစု ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လုံလောက်သည့် လူနေမှုအဆင့်အတန်းကို ရပိုင်ခွင့်ရှိသည်။ ထို့ပြင်အလုပ်လက်မဲ့ဖြစ်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ မုဆိုးမဖြစ်ခြင်း၊ အသက်အရွယ်အိုမင်းခြင်း သို့မဟုတ် မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကျောင်း မပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့်ရှိသည်။

(၂) မိခင်ဘဝနှင့် ကလေးသူငယ်ဘဝတို့တွင် အထူးစောင့်ရှောက်မှုနှင့် ကူညီမှုကို ရပိုင်ခွင့်ရှိသည်။ တရားဝင် လက်ထပ်၍ဖြစ်စေ၊ တရားဝင် လက်မထပ်ဘဲဖြစ်စေ မွေးဖွားလာသော ကလေးအားလုံးသည် တူညီသော လူမှုကာကွယ်စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်။



**ပိုဒ် (၂၄)**

ဖှာပ်မှိဟ် ဖွဲမတုပ်သ္ဒဟ်ကို ပရူပရာ အခိဉ်ကျောန်ကမှော်န် ကောံ အခေါင်ဒုင်စသုင် ညြန်ဂိတု၊ စ္ဒတ်သမ္တီလဝ် အခိဉ်သ္ဒးကမှော်န်ဂ့် အခေါင်ဂူလှော်ဝ် ကောံ အခေါင်သ္ဒးကမှော်န်တံ အခေါင်ဒုင်စသိုင် နွံရ။

**ပိုဒ် (၂၅)**

(၁) ဖှာပ်မှိဟ် စွစ၊ ဂှိက်ယာတ်၊ သ္ဒိဉာန်၊ ဝီဝတ်ယဲ ကောံ မွံပိုက် သီမပါမံင် ထံက်ပင်ပရေင်မှိဟ်၊ ပရေင်ထတ်ယုက် ကောံ သွက် မံင်တန်တ်အာ ဖွဲမဈိုဟ်ညြိုဟ်မာန် ပရေင်အဆံင်အလံင်မှိဟ် ဖွဲမရုမ်ဂပ် အလိုပူဂိုဇကု ကောံ ကို့န်သ္ဒိပူဂို ဇကု အခေါင်ဒုင်စသိုင် နွံရ။ တဲပ္ဒန် ပရေင်ဂယိုင်လမျိုဟ်ဖွံမာန်တံဒ္ဒကျုင် မပ္ဍံ ကမှော်န်ဟွံမွဲ၊ ပရေင်ထတ်ယုက်ဟွံပေင်၊ ဝဲဟွံဍိုက်ပေင်၊ ဒ္ဒြပြကဲ့ာ၊ မှိဟ်အာယုက် ဖှော် (ဝါ) ပွဲအကာဲအရာ အလိဇကု ဇကုတန်တ် ဟွံမွဲမွး တင်ဒုင် လျိုင် ပရေင်ဂိုကျိုဘဝတံ အခေါင်ဒုင်စသိုင်နွံရ။

(၂) ပရေင်မင်မွဲတေ့ုင် ဘဝမိယာဲ ကောံ ဘဝကောန်ငှ်ာ ကောံ ပရေင်ရိုဗင်တံ အခေါင်ဒုင်စသိုင်နွံရ။ သွမျိုထပ်တဲလုပ် သ္ဒောဝ် ကိုဒ္ဒ၊ ဟွံလုပ်သ္ဒောဝ်ကိုဒ္ဒ ကောန်ငှ်ာဒ္ဒကျုင်မှိဟ်သီဖအိုတ် အပ္ဒဲရာ ပရေင်မင်မွဲရံင်စံင် အခေါင်တုပ်သ္ဒဟ် ဒးဂွံရောင်။

## အပိုဒ် ၂၆

(၁) လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်။ ပညာသင်ကြားရေးသည် အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်တို့တွင် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာသည် မသင်မနေရဖြစ်ရမည်။ စက်မှုလက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို လူအများ သင်ယူနိုင်စေရမည်ဖြစ်ပြီး အဆင့်မြင့်ပညာရေးကို အရည်အချင်းပေါ် အခြေခံ၍ အားလုံးတန်းတူရည်တူ ရရှိစေရမည်။

(၂) ပညာရေးကို လူသားတို့၏ ကိုယ်ရည်ကိုယ်သွေး အပြည့်အဝဖွံ့ဖြိုးစေရန်နှင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ပိုမိုလေးစားလာစေရန် ဦးတည်သင်ကြားစေရမည်။ ပညာရေးသည် နိုင်ငံအားလုံးအတွင်း၊ လူမျိုး သို့မဟုတ် ဘာသာရေးဆိုင်ရာ အုပ်စုများအတွင်း နားလည်မှု၊ သည်းခံမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ မြှင့်တင်ရမည်ဖြစ်ပြီး ငြိမ်းချမ်းရေး ထိန်းသိမ်းမှုအတွက် ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များကို တိုးမြှင့်စေရမည်။

(၃) မိမိတို့၏ ကလေးပညာရေးကို ရွေးချယ်ရာ၌ မိဘတို့တွင် လက်ဦးအခွင့်အရေးရှိသည်။

## အပိုဒ် ၂၇

(၁) လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဘဝ၌ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်၊ အနုပညာကို လွတ်လပ်စွာ ခံစားခွင့်နှင့် သိပ္ပံပညာ တိုးတက်မှုနှင့် ၎င်း၏ အကျိုးရလဒ်များကို လွတ်လပ်စွာ မျှဝေခံစားခွင့်ရှိသည်။



## ဝိုဒ် (၂၆)

(၁) ဗှ်ာပ်မၞိဟ် အခေါင်ဗ္တောန်ပညာနွံရ။ ပရေင်ဗ္တောန်ပညာဂွံ အောန် အိုတ် ကဆံင်ပညာမူလဂှ် ဟွံဒးကိုဋ္ဌုဟ်မးရ။ ပညာကဆံင် မူလဂှ် ဟွံဗ္တောန်မံင်ဟွံဂွံရ။ ပညာကွတ်စက်ကွတ်တဲ ကော်ံ ပညာ ကွတ် ဂယိုင်လမျိုတံ မၞိဟ်ဂမျိုင်ဗ္တောန်မာန်တုဲ ပညာကဆံင်သ္ဇုင်ဂှ် ဒုင်ဗိုင် ကိုစရဲဍာ်ဒကေဝ်တုဲ သိုဖအိုတ် ကဆံင်တုပ်သ္ပဟ်ဒးဂွံ ရောင်။

(၂) ပညာဂွံ ဒးပတဝ်ကၟိုပ်ကိ မၞိဟ်တံ စရဲမၞိဟ် သ္ဂောံဒျိုက်ပေင် ဖောအ်ပြေဝ်တိုန်ကိ ကော်ံ အခေါင်အရာမၞိဟ် ကော်ံ သဇိုင်အခေါင် သ္ပုးပွးတအ်ရောင်။ ပရေင်ပညာဂွံ အပ္ဍဲကိအကြာကိုန်ချူင်ဂမျိုင်၊ အကြာဂကူဂမျိုင်၊ အကြာဘာသာသာသ္နာဂမျိုင် သွက်ဂွံထိင်ဒဝ် အာ ပရေင်ကၟိုဟ်ချ္ဂင်၊ ပရေင်အောင်ဒုင် ကော်ံ ပရေင်ဆာန်ကိုန်တုဲ ဒးသ္ဂုင်ပတိုန်ကမ္မောန်ထိင်ဒဝ် ပရေင်ဗိုဟ်လလံ အတိုင်ကုလ သမဂ္ဂ မချိုဒရာင်ကျောန်ဗိုတ်မံင်တအ်ဂှ်ရောင်။

(၃) ပ္ဍဲမိမတံဂွံ အခေါင်အရာနွံ ပ္ဍဲအရာ ပရေင်ရုဲစှ်ပညာ သွက်ကောန်ဇာတ် ညးတအ်ရောင်။

## ဝိုဒ် (၂၇)

(၁) ဗှ်ာပ်မၞိဟ် အပ္ဍဲဘဝယေန်သ္ဇာင်ဂကောံမၞိဟ်ဂှ် အခေါင်ပါလုပ် သ္ပုးပွးရေင်တ္ဍုင်မာန်၊ အခေါင်ဒုင်စသိုင်ပညာအနုသုခမ သ္ပုးပွးနွံ၊ ပရေင်တ်ာတက်ပညာသိပ္ပံ ကော်ံ ဂုဏ်ဖိုသွဟ်တံဂှ် အခေါင်ပါပရအ် ဒုင်စသိုင်နွံရ။

(၂) လူတိုင်းတွင် မိမိ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်တီးထုတ်လုပ်သော သိပ္ပံပညာမှုဖြစ်စေ၊ စာပေမှုဖြစ်စေ၊ အနုပညာမှုဖြစ်စေ ဖြစ်ထွန်းလာသည့် ဂုဏ်နှင့်ရုပ်ဝတ္ထု အကျိုးကျေးဇူးများကို ကာကွယ်မှု ရပိုင်ခွင့်ရှိသည်။

**အပိုဒ် ၂၈**

လူတိုင်းသည် ဤကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည့် လူမှုရေးစနစ်နှင့် နိုင်ငံတကာဆက်ဆံရေး စနစ်တစ်ရပ်ကို ခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် ၂၉**

(၁) လူတိုင်းသည် မိမိ၏ ကိုယ်ရည်ကိုယ်သွေးကို လူ့အသိုက်အဝန်းအတွင်း၌သာ လွတ်လပ်ပြည့်ဝစွာ ဖွံ့ဖြိုးစေနိုင်သည်ဖြစ်၍ ယင်းအသိုက်အဝန်းအပေါ် တာဝန်ရှိသည်။

(၂) မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းများတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်။



(၂) ဍာပ်မှိုဟ် နကိုညာဏ်ပညာဇကု အခေါင်ဖန်ဗဒ္ဒပတိတ်တို နကိုပညာသိပ္ပံကိုဒ်၊ နကိုလိက်ပတ်ကိုဒ်၊ နကွတ်ပညာနသုခမကိုဒ် နံ့တဲ့ ကသပ်ပညာကို ကပေါ်တ်ကညောတ် ကျောန်ပတိတ်လဝ်ဂို ဂွံအခေါင်စိုဒ်အာရောင်။

**ဝိုဒ် (၂၈)**

ဍာပ်မှိုဟ် အခေါင်သ္ဒုးပွး ကောံ အခေါင်အရာဓမံက်ထွေးလဝ် ပွဲလိက်လလောင်တရးဏံ ယဝ်ရမိက်ဂွံဓမံက်ပတိုန်ထွေးမွး အတိုင်သ္ဒောတ်ပရေင်မှိုဟ် ကောံ သ္ဒောတ်ပရေင်ဆက်ဇျောံချူင်ဂှးကဝ် ဒးနွံရ။

**ဝိုဒ် (၂၉)**

(၁) ဍာပ်မှိုဟ် ဍုဒ်ဒကေဝ်ဇကုဂို ဗွဲမသ္ဒုးပွးဂွံဖောအ်ပြေဝ်တိုန် ပေင်င်မာန် တာလျိုင်နွံပွဲဂကောံမှိုဟ်တံရ။

(၂) ဍာပ်မှိုဟ် စကာသုင်စောဲအခေါင်အရာဇကု ကောံ အခေါင်သ္ဒုးပွးတံဂို ဒးသ္ဂသမ္တီ ရှေ်သေ့ အခေါင်အရာ ကောံ အခေါင်သ္ဒုးပွး ညးတ္ဂဟ်ကိုဲ၊ ပွဲဂကောံမှိုဟ်ဒီမဝ်ကရေဇြိုဂွံ နံ့ပိုက်မဒ္ဒပွဲဗဗွဲခဝ် ဒွေတ်ပဋိပတ်ပူဂို၊ ဂွံဗပေင်ကို ပရေင်စိုဟ်လလံကောန်ညးချူင်ကွာန် ကောံ ပရေင်ပိုန်ဒြပ်ဂွံဒ္ဒတိုန်တံကိုဲ၊ အတိုင်ဥပဒေစုတ်သမ္တီ ပိုင်ခြာလဝ်ဂို အခေါင်စကာဒုင်စသိုင် နံ့ရ။

(၃) အဆိုပါအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို မည်သည့် ကိစ္စတွင်မျှ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများကို ဆန့်ကျင်၍ ကျင့်သုံးခြင်းမပြုရ။

**အပိုဒ် ၃၀**

နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ လူတစ်စုအတွက်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ ဤကြေညာစာတမ်းပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်လျက် တစ်စုံတစ်ခုသော ဆောင်ရွက်ချက်တွင် ပါဝင်ရန် သို့မဟုတ် ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်ရှိသည်ဟူ၍ ဤကြေညာစာတမ်းပါ စာသားတစ်ရပ်ရပ်ကို အဓိပ္ပာယ် ကောက်ယူခြင်း မရှိစေရ။

❖ ❖ ❖



(၃) အခေါင်အရာတံ ကော့ံ အခေါင်သွူးပွူးတံဝွံ ရန်တုံ ဒစိုဒစးကို ကုလသမဂ္ဂတံကို၊ သဗိုင်မူလ အခေါင်အရာမွိဟ်တံကိုတဲ့ ကျောန် သွဟ်ဝွံဝွံရ။

**ပိုဒ် (၃၀)**

သွက်ချူင်မွဲချူင်ကိုဒ်၊ သွက်မွိဟ်မွဲဂကော်ံကိုဒ်၊ သွက်ပူဂိုမွဲကိုဒ်၊ အခေါင်အရာ ကော့ံ အခေါင်သွူးပွူး မပါလုပ်မံင် ပွဲလိက် လလောင် အခေါင်အရာမွိဟ် အလုံလိုက်မွဲဂှံ ရန်ကိုဝွံလိုလာ်အာကို၊ ရန်ကို မွဲမွဲသာ်တဲ့ နကိုအလိုဇကု ကံက်နက်တိတ်အဓိပ္ပါယ်မရေဝ် နူကို လိက်လလောင်ဂှံတဲ့ စကာပွဲဒ္ဒအဲတွဟ်မွဲမွဲဂှ် သွဟ်ဝွံဝွံရ။

❖ ❖ ❖